ကရင်ယန်ကျေးရွာ
ဆွမ်ပရာဘွမ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကရင်ယန်ကျေးရွာ၊ ဆွမ်ပရာဘွမ်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ကရန်ယန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဆွမ်ပရာဘွမ်မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်မွန်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်

ကျသော ချိတ်ဆက်မှုများ ၂၂
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား ၄၅ **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၃
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ) ၇၆
ကိုးကားစာရင်း ၈၀
အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၀
စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ
အတိုကောက်စကားလုံးများ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမ ဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

လိုအပ်ချက်များကို ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းကနေ၍ ပြုပြင်ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို


အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကရန်ယန်ကျေးရွာ
ဆွမ်ပရာဘွမ်မြို့နယ်

ကျေးရွာသယ်ဇေတပြမြေပုံ

ကရင်နယ်ကျေးရွာဆွမ်ပရာဘွမ်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးအထောက်အပံ့ ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက် မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ဟဲပါးသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတ ကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလုပ်လာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကရန်ယန်ကျေးရွာသည် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမကြီး ပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာဆွမ်ပရာဘွမ်မြို့နှင့်(၅၄)မိုင်ခန့်ကွာဝေး သည်။မြောက်လတ္တီကျူ (၂၆.၁၃၅၀၂)

ဒီဂရီ နှင့် အရှေ့လောင်ဂျီကျူ (၉၇.၄၉၁၄၈)ဒီဂရီအကြားတွင် တည်ရှိသည်။ ဧရိယာ စတုရန်းမိုင် (၀.၉)မိုင် ကျယ်ဝန်းသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ပေ(၁၀၄၃)တွင် တည်ရှိပြီး အပူအအေး မျှတကာ သင့်တင့်သော ရာသီဥတုမျိုး ရရှိသော ဒေသတစ်ခုဖြစ်သည်။ကရန်ယန် ကျေးရွာ ၏ အရှေ့ဘက်တွင် တောင်တန်းနှင့် အနောက်ဘက်တွင် တောင်တန်းများ ဝန်းရံ လျက် ရှိသည်။

ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော မြောက်ဘက်တွင်ဆွပ်ခါး ကျေးရွာ၊ တောင်ဘက်တွင် ဒရူးခ ကျေးရွာတို့နှင့် နယ်နမိတ်ခြင်းထိစပ် လျက်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးနိုင်သော တောင်ယာမြေ (၁၂)ဧကရှိပြီး မြေဆီမြေဩာ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအများစုသည် တောင်ယာဆန်စပါးကိုသာ အဓိက စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ အလုပ်အကိုင် ရှားပါးမှုကြောင့် သစ်တော ထုတ်ကုန်များကိုအလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းပြီး ယခုအခါ သစ်တောပြုန်းတီးမှုနှင့်အတူ ဒေသ၏ ရေအရင်းအမြစ်ကိုပင် ထိခိုက်သက်ရောက်လာပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု ပေါင်း(၁၃)စု ရှိသည်။ ကျား(၃၆)၊ မ(၂၆)ဦး စုစုပေါင်း (၆၂) ဦး ရှိကာ တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေမှာ (၄.၆)ဦးနှုန်းဖြစ်ပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်စု ပျမ်းမျှနှုန်း(၅)ယောက်နှုန်းရှိသည်။ ကျေးရွာတွင် ကချင် တိုင်းရင်းသားများအများစု နေထိုင်ကြသည်။ အလုပ်လုပ်နိုင်သော လူဦးရေ ကျား (၂၂)၊ မ(၁၈) ယောက်ရှိပြီး ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏ (၆၄.၅၂)% ရှိသည်။ အလုပ်လုပ်နိုင်သောအမျိုးသား ဦးရေသည် (၃၅.၄၈)% ရှိသဖြင့် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ(၂၉.၀၄)% ထက်အနည်းငယ် လျော့နည်း မှုရှိပါသည်။

အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၆၄.၅၂)%ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာအတွင်းရှိ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး လူစွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

ကျေးရွာအတွင်းရှိ လူငယ်များနှင့် လူကြီး၊ ကျား/မအဆင့်အတန်းမခွဲခြားပဲ လူစွမ်းအား အရင်းအမြစ်များကို အပြည့်အဝအသုံးပြုမည်ဆိုပါက ကျေးရွာ၏လူမှုစီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အချိန်တိုတိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးသည် ကျေးရွာ၏ အဓိကစိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာသာမန်အားဖြင့်လျော့နည်းသည်။ ဓနအဆင့်သတ်မှတ်မှုအရ အလယ်အလတ်ရှိသော အိမ်

ထောင်စုဦးရေသည် အိမ်ထောင်စုအားလုံး၏ (၇.၆၉)% သာရှိပြီး၊ မပြေလည်သောမိသားစု(၅၃.၈၅)% နှင့် အလွန်မပြေလည်ကြသော ဆင်းရဲသော မြေယာမဲ့မိသားစု(၃၈.၄၆%)ရှိပါသည်။

အလယ်အလတ်ရှိသောမိသားစုများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းအဝယ်လုပ်ငန်း(ဆန်စပါး၊ ကုန်စုံဆိုင်) ဆိတ်၊ ဝက်၊ ကြက် မွေးမြူသောလုပ်ငန်း များကို တွဲဖက် လုပ်ကိုင်ကြသည်။

အလယ်အလတ်ရှိ၊အဆင်ပြေသောမိသားစုများသည် အများအားဖြင့် စိုက်ပျိုးမြေ(၅)ဧကမှ (၁၂.၅)ဧကအကြားပိုင်ဆိုင်ကြပြီးတောင်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်။တွဲဖက်လုပ်ငန်း များ အဖြစ် သစ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

(၅၃.၈၅)%သော အဆင်မပြေသည့်မပြေလည်သော မိသားစုများမှာစိုက်ပျိုးမြေ(၅)ဧက အောက်ပိုင်ဆိုင်သူများပြီး အလွန်မပြေလည်သောမိသားစု(၃၈.၄၆)%မှာ မြေယာမဲ့များ ဖြစ်ကြသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအရ ကျေးရွာတွင် (၂.၅)ဧကအောက်ပိုင်ဆိုင်သူ (၃၀.၇၇)%၊ (၂.၅)ဧကမှ (၅)ဧကထိ ပိုင်ဆိုင်သူ (၂၃.၀၈)%၊ (၅)ဧကမှ (၁၂.၅)ဧကကြားပိုင်ဆိုင်သူ (၇.၆၉)%နှင့် မြေယာမဲ့ (မြေယာမပိုင်သူ) (၃၈.၄၆)%ရှိသည်။

အဆင်မပြေသော မိသားစုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အင်္ဂားဝင်လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေး အတွက် ဖြေရှင်းကြရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၃၈.၄၆%) ရှိပြီးတောင်ယာလုပ်ငန်း၊ တောင်ယာ နေ့စား လုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ တနိုင်တပိုင်မွေးမြူရေး၊ မုဆိုးလုပ်ငန်း၊နေ့ထွက်(နေ့စား)လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများသည် စိုက်ပျိုးရေး လုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း၊ ပြင်ပထွက်၍ နေ့စားလိုက်ခြင်း၊ မုဆိုး၊ ဂိုင်းထောင်(သားကောင် ထောင်ဖမ်း သည့်အလုပ် တောဝက်၊ တောကြက်၊ ဂျီ ဆတ် စသည့်) လုပ်ငန်းများလည်း လုပ်ကိုင် ကြသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၅၃.၈၅)%ဖြစ်သော အိမ်ထောင်စု(၇)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၂၀)%မှာ သူတပါးထံမှ ထောက်ပံ့မှုရယူခြင်း၊ ချေးငှားခြင်းမပြုဘဲ နှပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၅)%မှာ ချေးငှားပြီးမှ နှပ်မှန်အောင်စားနိုင်ကြောင်း၊ (၄၅)%မှာ ထောက်ပံ့မှု၊ ချေးယူမှုဖြင့် နှပ်မှန်အောင် စားနိုင်ကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုအနေဖြင့် ယင်းအိမ်ထောင်စု များ၏ (၄၅)%မှာ (၃)လအောက် ဝမ်းစာဖူလုံသူ၊ (၃၅%)မှာ (၃လနှင့်ဖြလအကြား ဝမ်းစာဖူလုံသူ၊ (၂၀)%မှာ တစ်နှစ် ပတ်လုံးဝမ်းစာဖူလုံသော အိမ်ထောင်စုများဖြစ်ကြောင်း တွေ့ရသည်။

မိသားစုစောင့်ရှောက်မှုမရှိသော(၆၀)နှစ်နှင့်အထက် ကျား(၂)ဦး၊ မ(၀)ဦး၊ ရပ်ရွာကစောင့် ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်ကျား(၂)ဦး၊ဆင်းရဲ၍မိသားစု ဦးရေများသည့် အမျိုးသမီး

ဦးဆောင်သော အိမ်ထောင်စု(၇)စု နှင့် ဆင်းရဲ၍မိသားစု ဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၂)စုတို့မှာ အမှန်တကယ် အကူအညီ လိုအပ်နေသူများ ဖြစ်ကြသည်။

ကျေးရွာတွင်း မူးယစ်ဆေးဝါးသုံးစွဲသော လူငယ်လူရွယ်များ အနည်း ငယ် ရှိပါသည်။ ယင်း မူးယစ်ဆေးဝါးမှာ ကျေးရွာရှိ လူငယ်လူရွယ်များကို ခြိမ်းခြောက်လျက် ရှိသည်။

အလုပ်အကိုင်ရှားပါးခြင်း၊ကျွမ်းကျင်ပညာရပ်မတတ်မြောက်ခြင်း၊ မူးယစ်ဆေးဝါး၊ အသိ ပညာအားနည်းမှုနှင့် ထိခိုက်လွယ်သော မိသားစု/အုပ်စုအပေါ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ လစ်လျူရှုမှုသည် ကျေးရွာဖွံ့ဖြိုးမှု၏ အဓိကစိန်ခေါ်မှုပင်ဖြစ်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မွေးကင်စကလေးငယ်များ အသေအပျောက် နည်းပါးသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား အခါအားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်း တို့ကို ပြုလုပ်ပေးသည်။

ကျေးရွာအတွင်း အမျိုးသမီးများ၊ လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု မရှိသလောက်နည်းပါး နေသေးသည်။ မြို့နယ်ဆေးရုံနှင့် မိုင်(၅၄/၀)မိုင် ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်းမှီမှု မရှိသောကြောင့် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း ကိုသာအဓိက အားကိုးနေကြရပါသည်။

ကျေးရွာသားများ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေးအပိုင်းတွင် နှောင့်နှေး လျက်ရှိသေးသည်ကို တွေ့ရသည်။

ကျေးရွာတွင်စိမ့်စမ်းရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အားနည်းသည့်အဆင့် တွင်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်ရွာသားအနည်းငယ်သည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို အနည်းငယ် တတ်မြောက်ထားကြသည်ကိုတွေ့ရှိရသည်။ ကျေးရွာတွင်အခြေခံပညာရေးကို ကျေးရွာထဲရှိ မူလတန်း အဆင့်ထိသာ သင်ယူတတ်မြောက်နိုင်ပါသည်။ အလယ်တန်းနှင့်အထက်တန်း အဆင့် ကိုမြို့ပေါ်ကျောင်းများတွင်သွားရောက်သင်ယူကြရပါသည်။သို့သော် အသက်မွေးဝမ်းကျောင်း ပညာရပ်များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးနေ သေးသည်။

(စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ပညာရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များအရ မူလတန်း၊ အလယ်တန်းတွင် အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေ နှင့် အနည်းငယ်သာကွာဟနေပြီး အထက်တန်း တွင် လည်း အနည်းငယ်သာကွာဟမှုရှိသည်။ ထိုကြောင့် ပညာသင်ကြားရေး အပိုင်း၌ အမျိုးသမီးများ အမျိုးသား များနဲ့တန်းတူ အခွင့်အရေးရကြသည်။

သို့သော် အချို့အလုပ်အကိုင်များနှင့် နေ့စားလုပ်ငန်းခွင်တွင် တစ်နေ့တာ ကုန်ဆုံးခြင်း၊ ခွန်အား စိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်းခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများ ပါဝင်နိုင်မှု အခွင့်အရေးမရှိပေ။ တစ်ခေတ်တစ်ခါက ရှင်သန်ခဲ့သော မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့များပင် အသက်မဝင်မှေးမှိန် လျက်ရှိသည်။ ကျေးရွာအတွင်း အမျိုးသမီးများ လူကုန်ကူးခံရမှုမရှိပေ။

ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ် ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျား၊မ တန်းတူညီမျှမှု နှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီး စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

အလုပ်လုပ်နိုင်သော အမျိုးသားဦးရေ(၅၈)ဦး၊ အမျိုးသမီးဦးရေ(၆၂)ဦး ရှိသောကြောင့် အကယ်၍ ရပ်ရေးရွာရေးတွင် အမျိုးသမီးကဏ္ဍကို ပြစ်ပယ်ထားပါက ကျေးရွာ၏လုပ်သားအင်အား (၂၇.၈၀)% ဆုံးရှုံးမည်ဖြစ်သည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးကို အခြေခံထား သော အဖွဲ့အစည်းများရှိသည်။

ကျေးရွာတွင် RCဘုရားကျောင်း(၁)ကျောင်းရှိပါသည်။ကျေးရွာ၏ ဘာသာရေးကိစ္စအဝဝကို သင်းထောက်ဓမ္မဆရာကြီးများမှ ကြီးကြပ်ဆောင်ရွက် လျက်ရှိသည်။ ကျေးရွာအတွင်း အိမ်သစ်တက် ဆုတောင်းပွဲ နှင့် အမည်ပေး ကင်ပွန်းတပ်ပွဲ ဆုတောင်းပွဲ စသည့် အလုပ်များကို ဘာသာရေး သင်းထောက် ဆရာများမှ အဓိကလုပ်ဆောင်ပေးပါသည်။

ကျန်းမာရေးကို အခြေခံသောအဖွဲ့များမှ ကြက်ခြေနီအသင်းမှာ ရွာတွင်းလုပ်ဆောင်မှုအနေ ဖြင့် အထူးမတွေ့ရဘဲ အချို့သော ရွာတွင်း ကာကွယ်ဆေးတိုက်လုပ်ငန်းတွင် တခါတရံ ဝိုင်းကူမှု ရှိသည်။ အဖွဲ့အစည်းခိုင်မာ ကျစ်လစ်မှုမရှိခြင်း၊ ကိုယ်ပိုင်ရပ်တည် မှုမရှိခြင်း၊ လုပ်ဆောင်မှု အားနည်း ခြင်းတို့ကြောင့် ကျေးရွာအတွင်း မထင်ရှားဘဲ အားနည်းလျက်ရှိသည်။

ကျေးရွာ၏ လူမှုရေးအဖွဲ့တွင် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့နှင့် ကျေးရွာလူငယ်အဖွဲ့တို့ပါဝင်သည်။အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့တို့သည် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်သော အမျိုးသမီးအဖွဲ့ များ ဖြစ်ကြသည်။

ကျေးရွာလူငယ်အဖွဲ့သည် ကျေးရွာအတွင်း အင်အားကောင်းသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကျေးရွာလူငယ်အဖွဲ့တွင် အဖွဲ့ဝင်(၂၀)ကျော်ပါဝင်ပြီး ဖွဲ့စည်းပုံအရ ကျစ်လစ်ခိုင်မာပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအားလုံးတို့တွင် အဘက်ဘက်မှ ပါဝင် လုပ်ဆောင် ပေးသည်။ လူငယ်အဖွဲ့တွင် ကျေးရွာအတွင်း အိမ်ထောင် မကျသေးသည် အပျိုလူပျိုများ၊ အခြေခံပညာအထက်တန်းပြီးမြောက် လူငယ်လူရွယ်များ၊ ပညာအရည်အချင်း အမျိုးစုံပါဝင်သော အဖွဲ့ဖြစ်သည့်အလျောက် လုပ်ဆောင်မှုအရ ကျေးရွာမှ ထောက်ခံမှုအရဆုံး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်တောင်ယာစပါးကိုအဓိကစိုက်ပျိုးကြပါသည်။သီးထပ်အဖြစ် ဆီထွက်မုံညှင်း၊ ပြောင်းဖူး၊ ပိန်းဥ၊ငရုပ်သီးများကိုလည်း အလေးထားစိုက်ပျိုးကြသည်။ တောင်ယာစပါး၄က(၄၂)ခန့်ရှိ ပြီးစပါးတစ်၄ကထွက်နှုန်းမှာ(၃၀)တင်းထွက်ရှိပါသည်။တောင်သူအများစုမှာ တောင်ယာစပါးကိုသာ အဓိကအားထားစိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးမှု အားနည်းပါသည်။ တောင်ယာ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှအထွက်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။ ကျေးရွာတွင် အစိုးရတည်ဆောက်သောဆည်မရှိသေးပါ။အကယ်၍ဝန်ကြီးဌာနမှ အစုအဖွဲ့ပိုင်ဆည်၊မြောင်း များကို တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါကကျေးရွာတွင် တောင်ယာစိုက်ပျိုးရေးအစား၊ လယ်ယာမြေဖော် ထုတ်ခြင်းဖြင့်ကျေးရွာအတွင်း လယ်စိုက်ပျိုးသူများပြားပြီး ကျေးရွာ၏ ဝမ်းစာဖူလုံမှု အတွက်အ ထောက်အကူဖြစ်လာမည်ဖြစ်ပါသည်။

ကျေးရွာတွင်ဒေသဆိုင်ရာမွေးမြူရေးတိရိစ္ဆာန်များကိုသာမွေးမြူကြပြီး နွား(၈)ကောင်၊ ကျွဲ(၂) ကောင်၊ ဆိတ်(၁၃)ကောင် ဝက်အကောင် ရေ(၂၂)ကောင် နှင့်ကြက်(၂၀၂)ကောင် ရှိပါသည်။ ဝက်အများစုကိုမိသားစု များ၏ စားဝတ် နေရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၌ အသုံးပြု ရန် ဝင်ငွေအတွက် မွေးမြူ ကြသည်။ ဘဲ၊ ကြက်များကိုလည်း တွဲဖက်စီးပွားရေး အဖြစ် မွေးမြူကြ သည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသန္တရ မွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ မိရိုး ဖလာ အရ စိုက်ပျိုးရေးတစ်မျိုးတည်းကိုသာအဓိက အားထားသောကြောင့် လည်းကောင်း၊ မွေးမြူရေး ဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့် လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေး နည်းပညာနှင့် ဝန်ဆောင်မှု လက်လှမ်းမမှီသော ကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက် သောကြောင့်လည်းကောင်း မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်မှု အားနည်းသည်။ လက်ရှိအခြေအနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားမှု ရှိနေကြပြီး မိမိတို့၏ ပုဂ္ဂလိကပိုင်မြေကွက်များ အပေါ်တွင် စမ်းသပ်မွေးမြူလိုသော ဆန္ဒများ ရှိကြသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ ဝမ်းစာဖူလုံမှုနှင့် အလုပ်အကိုင်ရှားပါးမှု ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဈေးရောင်း၊ သစ်၊ မုဆိုးလိုက်ခြင်း နှင့်နေ့စားလုပ်ငန်း တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားကို လိုက်၍ လုပ်ကိုင်ကြရသည်။ လက်လုပ်လက်စား မိသားစုများမှာ ရာသီဥတု အခြေအနေပေါ်တွင် မူတည်ပြီး အချိန်ကာလအလျောက် လုပ်ငန်းအမျိုးအစားကို ပြောင်းလဲ လုပ်ကိုင်ကြသည်။တောင်ယာစိုက်ပျိုးရေး ရာသီချိန်တွင် အခြားတောင်ယာ စိုက်ခင်းများမှ လက်လုပ် လက်စား များအား နေ့စားခပေး၍ လုပ်သားငှားရမ်း ကြပါသည်။ လုပ်သားရှားပါးခြင်း များရှိသော်လည်း လက်လုပ်လက်စားများ အတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါး သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ(၆၄.၅၂)%ရှိပြီး ကျေးရွာအတွက် လူ့စွမ်းအားအရင်းအမြစ် အသင့်အတင့် ကောင်းသည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှုအားနည်းခြင်း၊ စားဝတ်နေရေးအခြေအနေကြောင့် ရွာသား အများစုသည် အဆိုပါ သင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိချေ။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်ယာ စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ကျေးရွာတွင် ချောင်းမြောင်းပေါများပါသည်။အိမ်ထောင်စု အများစုမှာစိမ့်စမ်းရေနှင့်ချောင်းရေကိုအသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့် တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ(၁၀၇၂)တွင် တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်းအနိမ့်ပိုင်းတစ်နေရာတွင် တည်ရှိ ခြင်းတို့ကြောင့်ကျေးရွာကိုဆိုးရွားစွာထိခိုက်မှုမရှိပါ။ တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်းပိုင်းဖြစ်ခြင်းတို့ကြောင့် မုန်တိုင်းအန္တရာယ် နည်းပါးပြီး အားပျော့သောမုန်တိုင်းများသာ ဝင်ရောက်လေ့ရှိသည်။ထိခိုက်မှုနည်းပါးသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်အဖြစ် ရှိနေတတ်ပြီးစိုက်ပျိုးရေးလုပ်ငန်းအတွက် နှောင့်နှေးမှုဖြစ်ပေါ်စေသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အစိုးရစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ရယူနိုင်ခြင်းမရှိသော်လည်း မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သောချေးငွေရယူ သုံးစွဲ

ကြရပါသည်။ ကျေးရွာတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းများလည်းမရှိကြောင်းတွေ့ရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိ၍ ဒရူးခကျေးရွာတွင်သွားရောက်တက်ရပြီး မူလတန်းတွင် (၁၀)ဦးပညာသင်ကြားလျက်ရှိသည်။ အလယ်တန်း၊အထက်တန်ကျောင်းသူ/ ကျောင်းသား များသည်ကျေးရွာနှင့်မိုင်(၅၉)ခန့်ကွာဝေးသောဆွမ်ပရာဘွမ်မြို့ပေါ်ရှိ အခြေခံအထက်တန်းကျောင်းတွင် ပညာသင်ကြားနေကြရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ဒရူးခကျေးရွာကျန်းမာရေးဌာနခွဲ ရှိသည့်အတွက် ကျန်းမာရေး ဝန်ဆောင်မှု အနေဖြင့်အသင့်အတင့်ရှိပါသည်။

စိမ့်စမ်းရေအားသောက်သုံးရေအဖြစ်အသုံးပြုကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပြီး ယင်းကြောင့် ဆက်စပ်ဖြစ်တတ်သော ရောဂါများ ဖြစ်ပွားမှုနည်းပါးသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအပန်းဖြေအနားယူနိုင်သည့် နေရာများမရှိပါ။ လူမှုရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်မှုရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊ စနစ်တကျပျိုးထောင်မှုလိုအပ် နေခြင်း၊ လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများ လက်လှမ်းမမီခြင်း၊ ကိုယ်တိုင်ဦးဆောင်မှုအပိုင်း တွင် မပါဝင်နိုင်ခြင်း၊ ကြောက်ရွံ့ အားငယ်တတ်ခြင်း၊ တာဝန်ယူမှု အားနည်းခြင်း၊ မပွင့်လင်းခြင်း တို့ကြောင့် လူငယ်၏ အခန်းကဏ္ဍသည် မှေးမှိန်လျက်ရှိသည်။ လူငယ်ဦးဆောင်ပြုလုပ်သော ရိုးရာပွဲ များမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် အစဉ်အဆက်က လုပ်ဆောင်ထိန်းသိမ်းလာခဲ့ကြသော အချို့ ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများ အယူသည်းရှေးရိုးစွဲ ကျေးရွာဦးဆောင်များအချို့ကြောင့် ပျောက်ကွယ်မှုများရှိခဲ့သည်။ ကျွန်ုပ်တို့ကျေးရွာသည် ခရစ်ယာန်ဘာသာကို အဓိကကိုးကွယ် ယုံကြည်ကြ သည့် အလျောက် ဘာသာရေးပွဲတော်များကို တစ်ရွာလုံး သိုက်သိုက် မြိုက်မြိုက် ပါဝင် ဆင်နွဲ ကြသည်။

လူငယ်များ ကျေးရွာ၏လူမှုရေး၊ ဘာသာရေး၌ အထိုက်အလျောက်သာပါဝင်မှု ရှိသည်။ ကိုယ်တိုင်ဦးဆောင်ပါဝင်မှုမရှိဘဲ မိမိကိုယ်ကို ယုံကြည်မှု အားနည်းသည်။ ကျေးရွာအတွင်း လူကြီးလူငယ်မူဝါဒအားပြိုင်မှု၊ ကျားမခွဲခြားမှုများရှိသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ စိတ်ဝင်စားမှုရှိကြသည်။ လူမှုရေးနှင့် ဘာသာရေးတွင် အတူတကွပူးပေါင်း ဆောင်ရွက် ကြသည်။ လူငယ်အုပ်စုအတွင်း လူမျိုးရေးနှင့် အမျိုးသားရေး ကွဲပြားစွာ သိမြင်နိုင်မှု အားနည်း ခြင်းကြောင့် အမျိုးသား ရေးအုပ်စုနှင့် လူမျိုးရေးအုပ်စု အားပြိုင်မှု ရှိနေသည်။ ယုံကြည် ချက်နှင့် ရပ်တည်ချက် ကွဲပြားမှုရှိသည်။

ကျေးရွာတွင် ဖုန်း၊ အင်တာနက်နှင့် လူမှုကွန်ယက်ကို အသုံးပြုမှုများသည်။ စက်ရုံ အလုပ်ရုံ မရှိခြင်း၊ အခြေခံပညာအားနည်းခြင်း၊ ကျေးရွာ၏ အခြေခံစီးပွားရေး လုပ်ငန်းများ ဖြစ်ထွန်းမှု အားနည်းခြင်း၊ ကျွမ်းကျင်ပညာရပ်များ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် လူငယ်

လူတန်းစား အုပ်စု အတွင်း အလုပ်အကိုင်အခွင့် အလမ်းရှားပါးမှု ပမာဏကြီးမားသည်။

ကျေးရွာ၏ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြသော လူငယ် လူရွယ်များ၏ ခံယူချက်၊ ရပ်တည်ချက်များ၊ အခြေခံပညာနှင့် ကျွမ်းကျင်ပညာရပ်များ၊ အလုပ် အကိုင်အခွင့် အလမ်းများနှင့် အကျင့်စာရိတ္တများ ပိုမိုကောင်းမွန်လာစေရန် ဘက်ပေါင်းစုံမှ ပြုစုပျိုး ထောင်ထိန်းသိမ်းပေးရန် အထူးလိုအပ် လျက်ရှိသည်။ လူငယ်များအသိပညာဖွံ့ဖြိုးရေး၊ စွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေး အတွက် လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးခြင်း အသိပညာ ပေးဟောပြောပွဲများ နှစ်စဉ်ပြုလုပ်ပေးရန်လိုအပ်သည်။ လူငယ်များအတွင်း စာဖတ်တတ်သော အလေ့အထ ထွန်းကားလာစေရန်နှင့် စာပေချစ်မြတ်နိုးတတ်သော အကျင့်ကောင်းများ ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဝန်ကြီးဌာနများမှ အထောက်အပံ့ကောင်းများ၊ ဝန်ဆောင်မှုများ လိုအပ် နေပါသည်။

(၈) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိပြီး မြို့နယ်အတွင်းအခြားကျေးရွာ/ရပ်ကွက်များသို့ကား၊ဆိုင်ကယ်တို့ဖြင့်ဆက်သွယ်သွားလာနိုင်သည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာရ လွယ်ကူပြီး မိုးအခါ၌ ရွံ့နွံ၊ ဗွက်များ ပေါများပြီး သွားလာရခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေး အတွက် ရေကြောင်း၊ မီးရထားမရှိသောကြောင့် ကားနှင့် ဆိုင်ကယ်များ ကိုသာ အသုံးပြုကြသည်။ ကျေးရွာ တွင် ဆိုင်ကယ်(၄)စီးကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရောက်ရှိသေးသည့်အတွက် ကျေးရွာအတွက်မီးလင်း ရေးကို ကျေးလက်ဒေသဖွံ့ဖြိုတိုးတက်ရေးဦးစီးဌာန၏ NEPစီမံကိန်းမှ တစ်အိမ်သုံးဆိုလာများဖြင့် တပ်ဆင်အသုံးပြုကြပါသည်။

ကျေးရွာတွင် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၈) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် ဖုန်းလိုင်းဆက်သွယ်မှုကောင်းသော်လည်းကျေးရွာလူထုတည်ငြိမ်အေးချမ်းရေးနှင့် ဘေးကင်းလုံခြုံမှု အားနည်းသည်။ မြို့နယ်ရဲစခန်းများနဲ့ချိတ်ဆက်ဆောင်ရွက်မှုအားနည်းသည်။ ကျေးရွာတွင် သဘာဝ ဘေး အန္တရာယ်လျော့ပါးရေးအတွက် အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှု များ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာလူဦးရေ၏(၆၄.၅၂)%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ကျေးရွာရှိ လူငယ်လူရွယ်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသား အရင်းအမြစ်များတိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် အမြင်ရှိသော လူကြီး၊ လူငယ်များပေါင်းစပ်ညှိနှိုင်းကာ ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအားနည်းနေသော အခြားကဏ္ဍများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။

ကျေးရွာတွင် မြေလွတ်၊ မြေလတ်၊ မြေရိုင်းများရှိသည်။ ချောင်းမြောင်းများ ပေါများပြီး စိုက်ပျိုးရန်အတွက် သင့်တင့်သော မြေဆီမြေဩဇာရှိသည်။ တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့်ကျေးရွာမှစပါးအဓိကထွက်ရှိသည်။မြေလွတ်၊ မြေရိုင်းများပေါများ၍ စားကျက် မြေများ ဖော်ဆောင်နိုင်သည်။

ကျေးရွာတွင် တက်ကြွသော အမျိုးသမီးရေးရာ အဖွဲ့အစည်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများရှိပြီး ယင်းအမျိုးသမီး များအား စွမ်းဆောင်ရည်မြှင့် သင်တန်းများ၊ ရေးရာသင်တန်းများ၊ ကျွမ်းကျင်မှုနှင့် သက်မွေး သင်တန်းများဖွင့်လစ်ပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကျေးရွာ၏ အမျိုးသမီးကဏ္ဍ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း သွင်းအားစုများ လက်လှမ်းမီမှု အားနည်းသည်။ လုပ်ကိုင်လျက်ရှိသော တောင်ယာမြေများမှာ တောင်သူများ၏ မြေယာပိုင်ဆိုင်မှုနှင့် စိုက်ပျိုးစရိတ် ချေငွေထုတ်ယူနိုင်မှုအတွက် အခက်အခဲရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာဗဟုသုတအတွက် အသိပညာပေးဟောပြောပွဲများ လိုအပ်သည်။ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲစသည့် တိရိစ္ဆာန်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း၊ဟောပြောပွဲများပြုလုပ်ခြင်း၊ အလှူပွဲများ ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာလူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲများ ဆောင်ရွက်ရန် ကျေးရွာခန်းမဆောင်မရှိ၍ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျေးရွာတွင် သဲ၊ ကျောက် အများအပြားရှိပြီး သစ်တော ထူထပ်၍ သစ်ထုတ်ရန် လွယ်ကူ၍ ဘက်စုံသုံးကျေးရွာခန်းမဆောင်ရွက်ပါမည်။ ကျေးရွာမှလည်းအလုပ်လုပ်နိုင်သော လူဦးရေသည်စုစုပေါင်းလူဦးရေ၏(၆၄.၅၂)% ရှိ၍ပြည့်သူ့ လုပ်အားအခါအား လျှော်စွာထည့်ဝင်နိုင်ပါသည်။ ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ အစိုးရ၊ ပုဂ္ဂလိက မည်သည့်အဖွဲ့အစည်းများမှ မရှိပါ။

ကျေးရွာတွင်း လူငယ်များ၊ အမျိုးသမီးများသည် ဟောပြောပွဲများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျေးရွာလူငယ်

လူရွယ်များ၊ အမျိုးသမီးများကို စွမ်းရည်မြှင့်သင်တန်းများ၊ လူအခွင့်အရေးသင်တန်းများ အမျိုးသမီးဆိုင်ရာ သင်တန်းများ၊ စာပေဟောပြောပွဲများ၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်သင်တန်းများ အဆက်မပြတ် ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်ရှားပါးမှု ပြဿနာကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းနိုင်ပြီး အခြားတစ်ဖက်မှလည်း လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ အသိပညာ၊ ခံယူချက်၊ ရပ်တည်ချက်များနှင့် အကျင့်စာရိတ္တ ပိုမိုကောင်းမွန်လာစေ၍ ကျေးရွာ၏ လူသားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာအားဖွံ့ဖြိုးတိုးတက်ရေးအတွက် (၅)နှစ်တာကာလကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်။

က.၁ ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်မှု ရရှိစေမည်။

က.၂ ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် လူငယ်လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၃ ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

က.၄ ကျွန်ုပ်တို့ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုလျက် တက်ကြွသော လူ့အသိုင်းအဝိုင်း၊ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်သော လူမှုဝန်းကျင်တစ်ခုကို အချိန်တိုအတွင်းဖော်ဆောင် အောင်မြင်နိုင်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

ခ.၁ ကျေးရွာတွင် ငွေအရင်းအနှီး၊ နည်းပညာနှင့် နည်းပညာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ အရင်းအနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းပြီးမြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာ

များကို ပြန်လည်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများ အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂ မြေယာပိုင်ဆိုင်မှု၊ ပိုင်ဆိုင်လိုမှု(ပုံစံ-၇)လျှောက်ထားလိုသူများ၏ မြေယာသမိုင်း၊ အချက်အလက်များ၊ နယ်မြေအပိုင်းအခြားများကို တိတိကျကျ ဥပဒေလုပ်ထုံလုပ်နည်းအတိုင်း ဆောင်ရွက်သွားနိုင်ရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ တင်ပြပြီးဆောင်ရွက်သွားပါမည်။ကျေးရွာ၏ မြေယာ ကော်မတီကို ကျစ်လစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းပြီး မြေယာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်း နှင့်အညီ တိကျစွာ ကိုင်သွယ်ဆောင်ရွက်မည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီစစ်၍ ကွဲ/နွား စားကျက်မြေများ ဖော်ဆောင်သွားမည်။ သီးနှံအထွက်တိုးစေရေးအတွက် စိုက်ပျိုးရေးဌာနမှ နည်း ပညာနှင့် ဝန်ဆောင်မှုများကို တင်ပြတောင်းခံပြီး စိုက်ပျိုးရေး သွင်းအားစုများ၊ စက်ကိရိယာများ အရစ်ကျ ဝယ်ယူငှားရမ်းအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

ခ.၃ ကျေးရွာတွင် အမျိုးသမီးများနှင့် လူငယ်များကို ကျေးလက်ဌာနနှင့် ချိတ်ဆက်၍ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ လူ့အခွင့်အရေး သင်တန်းများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းများနှင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချသင်ကြားနိုင်ရန်ဆောင်ရွက်ပြီး အမျိုးသမီးနှင့် လူငယ်လူရွယ်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားပါမည်။ ပြန်ကြားရေဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ စာပဓိမာန်ဆုရ စာရေးဆရာ/မကြီးများ၏ စာပေဟောပြောပွဲများကို ကျေးရွာအတွင်း နှစ်စဉ်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ လူငယ်လူရွယ်များအကြား စာဖတ်သောအလေ့အကျင့် ဖြစ်ထွန်းလာအောင် ဆောင်ရွက်မည်။ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုများ၊ လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများအလွယ်တကူရရှိအောင် ဆောင်ရွက်မည်။ ကျေးရွာမှ လူငယ်လူရွယ်များ၊ ဆေးဝါးကျွမ်းကျင်သင်တန်းဆင်းများအား ကျေးရွာ၏ တထောင့်တနေ ရာမှ ကျန်းမာရေးဝန်ဆောင်မှု ပြုနိုင်ရန် သင်တန်းများတက်ရောက်နိုင်ရန် တင်ပြသွားပါမည်။ ကဏ္ဍပေါင်းစုံမှ လူငယ်လူရွယ်များနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်စေခြင်း၊ စာရင်းအင်းသင်တန်းများ တက်ရောက်စေခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်း၊ စာဖတ်တတ်သောအလေ့အထထွန်းကားစေခြင်းဖြင့် လူစွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာအောင်ဆောင်ရွက်မည်။ ကျေးရွာအခြေပြု အားလုံးပါဝင်သော စုပေါင်းဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းကို အခြေခံပြီး လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုခြင်းဖြင့် ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်သော အုပ်ချုပ်မှုစနစ်တစ်ခုကို ထူထောင်သွားမည်။ ကျေးရွာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနနှင့် ချိတ်ဆက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ၏ အကျိုးအဖြစ်များနှင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအား လူငယ်များအကြား အသိပညာပေးလုပ်ငန်း ဆောင်ရွက်မည်။ ကျေးရွာရပ်ကွက်မှစ၍ မူးယစ်ဆေးဝါးလက်လီ၊ လက်ကားရောင်းချသူများကို ဖော်ထုတ်၍

ထိရောက်စွာနှိမ်နင်းအရေးယူဆောင်ရွက်သွားမည်။ နိုင်ငံတော်အဆင့်မှ မူဝါဒများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လွှတ်တော်သို့ တင်ပြမည်။ အခြား တစ်ဖက်မှလည်း အသိပညာပေးလုပ်ငန်းများ၊ အလုပ်အကိုင်သင်တန်းများ ပြုလုပ်၍ ပြန်လည်ထူ ထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ရန် ပြန်လည်နေရာချထားရေးဌာနသို့ ချိတ်ဆက်၍ ဆောင်ရွက်သွားမည်။ အားကစားနှင့်ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အား/ကာ နှင့် သာထွန်းပြန့်ဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကို ဆွေးနွေး သွား မည်။ အား/ကာဌာနနှင့် ချိတ်ဆက်၍ လိုအပ်သောနည်းပညာ၊ အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှု များကို ဆွေးနွေးဆောင်ရွက်သွားမည်။ ရက်တို/ရက်ရှည်သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့် သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွား မည်။

ခ.၄ မဟာဓာတ်အားလိုင်းသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဌာနနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည်။ လိုအပ်ပါက ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး တစ်ရွာလုံး မီးလင်းရေးအတွက် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်မည်။ လျှပ်စစ်ဌာနနှင့် ချိတ်ဆက်၍ မီးလင်းရေးအတွက် အစီအစဉ်များဆောင်ရွက်ပြီး အကြံဉာဏ်နှင့် အထောက်အပံ့များရယူသွားမည်။ ဓာတ်အား လိုင်းတပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်ရန် အတွက် ကျေးရွာလူငယ်များကို သင်တန်း ပေးခြင်း၊ ခန့်အပ်ခြင်းများ လုပ်ဆောင်ရန် လျှပ်စစ်ဌာနသို့ တင်ပြမည်။ ကျေးရွာတွင် လိုအပ်နေသော စာသင်ကျောင်းနှင့်အခြားအထောက်အပံ့များအတွက် ပညာရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဖွံ့ဖြိုးရေး ကော်မတီ၊ ကျေးရွာ အာဏာပိုင်များနှင့် ရွာလူထုတို့ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင် ရွက်သွားမည်။ ကျေးရွာခန်းမဆောင်တစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းလေ့လာ၍ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိမှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်

မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ ဆီထွက်မုံညှင်းအပြင် ပြောင်းကိုလည်း သီးထပ်အဖြစ် အနည်းအကျဉ်း စိုက်ပျိုးကြသည်။ မြေဆီမြေဩဇာအသင့်အတင့်ဖြစ်သောကြောင့် စပါးအထွက်တိုးရန် ဓာတ်မြေဩဇာ များအား ထည့်ကျွေးပေးရသည်။ ဓာတ်မြေဩဇာ အမျိုးအစားများစွာရှိသော်လည်း အချို့အမျိုးအစားများသာ ကိုက်ညီမှုရှိပြီး အများစုမှာ အကျိုးဖြစ်ထွန်းမှု နည်းသောကြောင့် ကျေးရွာ အတွင်း မြေဆီလွှာ အမျိုးအစားများ၊ ရေအမျိုးအစားများကို စမ်းသပ်သင့်တော်သည့် ဓာတ်မြေဩဇာဖြည့်သွင်းနိုင်ရန် နည်းပညာများလိုအပ်လျက်ရှိသည်။ တောင်သူများ၏ စိုက်ပျိုးရေး နည်းပညာနှင့် ဝန်ဆောင်မှုများ အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

ကျေးရွာတွင် ဒေသမျိုးစိတ် ကွဲ၊ ဝက်များတနိုင်တပိုင် မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူ လိုသူများ နှင့် ကိုယ်တိုင်စမ်းသပ်မွေးမြူလိုသူများအတွက် ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအပြင် တွက်ခြေကိုက်သော မွေးမြူရေး လုပ်ငန်းများတိုးတက်လာရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်နှင့် ဝင်ငွေ ရလမ်း တိုးလာပေမည်။ သို့ပါ၍ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ ဦးစီးဆောင်ရွက်သင့်ပါသည်။

(ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာကောင်း များရှိပြီး လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်းများ အမြတ်အစွန်းများရှိနိုင် သည်။ ကွန်ပျူတာသင်တန်း၊ ဖုန်းပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်သမားသင်တန်း၊ ပန်းရံသင်တန်း၊ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းနှင့် အခြားအိမ်တွင်းမှုသင်တန်းများ စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ လက်လှမ်း မှီမှု အားနည်းသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ရေ၊ မြေတောတောင်မှ ထွက်သောထုတ်ကုန်များကိုသာ အားထားနေရသောကြောင့် ရေရှည်တွင် ကျေးရွာ၏သယံဇာတများ ကုန်ခမ်းဖွယ် အကြောင်း ရှိနေသည်။ ကျေးရွာ၏ ဈေးကွက်၊ နည်းပညာနှင့် သတင်းအချက်အလက်များ လက်လှမ်းမှီမှု အားနည်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာ၏ လက်ရှိလုပ်ငန်းများအား အသက် မွေးဝမ်းကျောင်း ပညာရပ်များနှင့် စက်မှုလက်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်ပေးရန် လိုအပ်သည်။

(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

ကျေးရွာတွင်ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိပါသည်။

(င) အခြေခံအဆောက်အဦများ

